# အခြေခံ ခံယူချက်

**ကရင့်တော်လှန်ရေး၏ အခြေခံ ခံယူချက်သည် ဥက္ကဌ ကြီး ချမှတ်ထားသည့် အောက်ပါအချက် (၄) ချက်ဖြစ်သည်။**

. (၁) လက်နက်ချ အရှုံးပေး စကားအလျှဉ်း မပြောရ။

. (၂) ကျွန်ုပ်တို့ လက်နက်ကျွန်ုပ်တို့လက်ထဲတွင်ရှိရမည်။

. (၃) ကရင်ပြည်အသိအမှတ်ပြုခြင်း ပြီးပြည့်စုံစေရမည်။

. (၄) ကရင့်နိုင်ငံရေး ကံကြမ္မာ ကရင်ဖန်တီးရမည်။

# လုပ်ဆောင်ချက်

ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံးသည် ကရင်တ မျိုးသားလုံး၏ နိုင်ငံရေးဦးဆောင်မှု၊ အစည်းအရုံး ရှေ့ဆောင် ဦးစီးမှု၊ အမျိုးသားအလွတ်မြောက်ရေးနှင့် အမျိုးသားများ မျှော်မှန်းချက်နှင့်အညီ လှုပ်ရှားမှုများကို ဦးစီးဆောင်ရွက် သောအဖွဲ့အစည်းတရပ်ဖြစ်သည်။

## ကရင်အမျိုးသားအစည်းအရုံး၏ ညတန်ဘိုးထားမှု

(၁) တည်ငြိမ်အေးချမ်းခြင်း (၂) ငြိမ်းချမ်းသာယာခြင်း (၃) စည်းလုံးညီညွတ်ခြင်း
(၄) လွတ်မြောက်ခြင်း (၅) ရိုးသားခြင်း (၆) ညှော့ဝတ်ပျူငှာခြင်း
(၇) သာယာဝပြောင်းခြင်း (၈) ရိုးရာဓလေ့ထုံးတမ်းမြတ်နိုးခြင်း
(၉) တန်းတူညီမျှမှု (၁၀) ကိုယ်ပိုင်ပြဌာန်းခွင့်အခွင့်ရေးကိုမြတ်နိုးခြင်း
(၁၁) လွတ်လပ်မှု (၁၂) ဒီမိုကရေစီ (၁၃) ပွင့်လင်းမြင်သာခြင်း
(၁၄)တရားမျှတခြင်း

## ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး ဖြစ်ပေါ်လာပုံသမိုင်းအကျဉ်း

ကရင်လူမျိုးများသည် မြန်မာပြည်ရှိ အခြားသောတိုင်းရင်းသားလူမျိုးများ နည်းအတူ ခေတ်အဆက်ဆက် ဖိနှိပ် သွေးစုတ်ခံနေရသည့် လူမျိုးတမျိုးလည်း ဖြစ်သည်။ မိမိအမျိုး သားလွတ်မြောက်ရေးအတွက် အမျိုးသားတော်လှန်ရေးကို ဆင်နွဲနေရသည့် လူမျိုး တစ် မျိုးလည်းဖြစ်သည်။

ကရင်အမျိုးသားများအနေဖြင့် မိမိတို့၏ မွေးရာပါအခြေခံအခွင့်အရေးဖြစ်သည့် အမျိုး သားတန်းတူရေး နှင့် ကိုယ်ပိုင်ပြဌာန်းခွင်း ရရှိရေးအတွက် ကြိုးပမ်းရာတွင် ၊မိမိအမျိုးသား ကို ကိုယ်စားပြုနိုင်သည့် စည်းရုံးစုစည်းနိုင်သည့်၊ ဦးစီးရှေ့ဆောင်နိုင်သည့် ဦးဆောင်အဖွဲ့ အစည်းတစ်ရပ်လိုအပ်သည်။ ထို့ကြောင့် (၁၈၈၁) ခုနှစ်တွင် Dr.တီသာပြာနှင့် Sir.စောစံစီဖိုး ဦးဆောင်သော ရေင်ဒေါကလုအသင်း Karen National Association (KNA) ,၁၉၄၀ ခုနှစ် ဆရာတော်ဦးပဏ္ဍာဝံသနှင့် စောမြသိန်းတို့ဦးဆောင်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားအသင်း Buddhist Karen National Association (BKNA) ,၁၉၄၃ ခုနှစ် စောသာဒင်ဦးဆောင်သော ကရင်ဗဟိုအဖွဲ့ချုပ် Karen Central Organizaiton (KCO) နှင့် ၁၉၄၅ ခုနဗှစ် စောထွန်းစိန်နှင့် မန်းဘခိုင်တို့ဦးဆောင်သော ကရင်လူငယ်အစည်းအရုံး Karen Youth Organization (KYO) နှင့် ဒေသခံ ကရင်ခေါင်းဆောင် ကိုယ်စား လှယ်များတို့နှင့် စုစည်း၍ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး Karen National Union (KNU) ကို ၁၉၄၇ ခုနှစ်၊ဖေဖော်ဝါရီလ (၅)ရက်နေ့တွင် ရန်ကုန်မြို့၌ ဖွဲ့စည်းတည်ထောင်ခဲ့သည်။

KNU အစည်းအရုံးကြီးကို ဖွဲ့စည်းထူထောင်ပြီးနောက်၊ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ ရှေ့ဆောင်မှုဖြင့်၊ ၁၉၄၈ ခုနှစ်၊ဖေဖော်ဝါရီလ (၁၁)ရက်နေ့ ကရင်အမျိုးသား ဆန္ဒ ဖော်ထုတ်ပွဲကြီး တွင် (၁) ကရင်ပြည်ချက်ချင်းပေး (၂) ကရင်တစ်ကျပ်ဗမာတစ်ကျပ်ချက်ချင်းပြ (၃) ပြည်တွင်းစစ်အလိုမရှိ (၄) လူမျိုးရေးအဓိကရုဏ်းအလိုမရှိ စသည့် အချက်(၄)ချက်ပါ ပိုစတာကို စွဲကိုင်၍ ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်တိုက်ပွဲဝင်တောင်းဆိုခဲ့ကြသည်။

## ကရင့်အမျိုးသားတော်လှန်ရေးကို ဦးစီးရှေ့ဆောင်သည့်အဖွဲ့အစည်းသည်

(၁) ကရင်အမျိုးသားများနှင့် ပြည်သူလူထု၏ နိုင်ငံရေးဆန္ဒနှင့် အကျိုးကို ဦးထိပ်ထားသော အဖွဲ့အစည်းဖြစ်ရမည်။

(၂) ဒီမိုကရေစီ မူများကို ကျင့်သုံး၍ စည်းစနစ်တကျ စည်းရုံးဖွဲ့ စည်းထားပြီး၊ စည်းလုံးမှုနှင့် စည်းကမ်းရှိသော အဖွဲ့အစည်း များဖြစ် ရ မည်။

(၃) နိုင်ငံရေးအရ နိုးကြားပြီး အမျှော်အမြင်ရှိသည့် အဖွဲ့ အစည်း ဖြစ်ရမည်။

(၄) မည်သို့သောအခြေအနေတွင် ဖြစ်စေ၊ ကရင်အမျိုးသားများ၏ အကျိုးအတွက် စွဲမြဲစွာ ရပ်တည်ဆောင်ရွက် သည့်အဖွဲ့ အစည်း ဖြစ်ရမည်။

သို့ဖြစ်သောကြောင့် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးသည် ကရင် အမျိုးသားများကို စုစည်းပြီး ကျစ်လစ်ခိုင်မာသည့် အုပ်ချုပ်ရေး၊ စည်းရုံးနယ်မြေရောက် နေရာဒေသများအတွင်း ကရင်အမျိုးသား နိုင်ငံရေးဦးဆောင်အဖွဲ့အစည်းတရပ်အဖြစ်ဖြင့် ကရင့်တော်လှန်ရေးကို ဆက်လက်ဦးဆောင်နေသည်။

## ရည်မှန်းချက်

ကရင်အမျိုးသားသည် လူမျိုးတမျိုး၏ လက္ခဏာနှင့်အညီ ဂုဏ်သိ က္ခာပြည့်ဝပြီး အေးချမ်းသာယာသော လွတ်လပ်မှု အခွင့်အရေး အပြည့်အဝရှိခြင်း၊ ခေတ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်စေခြင်း တို့ကို ရယူစေလိုသည်။

## ရည်ရွယ်ချက်

(၁) ကရင်အမျိုးသားများအတွက် တရားမျှတသော အကျယ် အဝန်းရှိ၍ ကိုယ်ပိုင်ပြဌာန်းခွင့်ရှိသည့် ကော်သူးလေခေါ်ကရင် ပြည် (ဝါ) ကရင်ပြည်နယ်ကိုထူထောင်ရန်။

(၂) အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ရရှိရေး

(၃) ပြည်နယ်ပေါင်းစု ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်ရန်

(၄) ကရင်အမျိုးသားများအပါအဝင် တိုင်းရင်းသားလူမျိုးအားလုံး ဒီမိုကရေစီ အခွင့်အရေးကို အပြည့်အဝရယူခံစားနိုင်ရန်ဖြစ်သည်။